# ဗူစီရဲ့ ညီမလေးပြောလိုက်တဲ့စကား

## What Vusi’s sister said


Nina Orange
Wiehan de Jager
Naw Thazin Hpway


4

မြန်မာဘာသာ my / English en

တစ်မနက်စောစောမှာကတော့ ဗူစီရဲ့အဖွားက “ဗူစီရေ၊ ဒီဥကိုသားရဲ့မိဘတွေကိုပေးလိုက်။ သားရဲ့ညီမလေးမင်္ဂလာဆောင်မှာ ကိတ်မုန့်ကြီးတစ်လုံးဖုတ်ချင်နေကြပါတယ်။” လို့ခေါ်ပြီးပြောပါတယ်။

• • •

Early one morning Vusi’s granny called him, “Vusi, please take this egg to your parents. They want to make a large cake for your sister’s wedding.”

ဗူစီဟာ သူ့မိဘအိမ်ကိုသွားတဲ့လမ်းမှာ ကောင်လေးနှစ်ယောက် အသီးတွေခူးနေတာကိုတွေ့လိုက်ပါတယ်။ ကောင်လေးတစ်ယောက်ဟာ သူ့ရဲ့ဥကိုယူပြီးအပင်ပေါ်ကို ပစ်ပေါက်လိုက်ပါတယ်။ သူ့ရဲ့ ဥဟာ ကွဲသွားပါတယ်။

• • •

On his way to his parents, Vusi met two boys picking fruit. One boy grabbed the egg from Vusi and shot it at a tree. The egg broke.

ဗူစီဟာ ငိုပြီး“မင်းတို့ဘာလုပ်လိုက်တာလဲ။ ဒီဥဟာ ငါ့ညီမ မင်္ဂလာဆောင်အတွက် ကိတ်မုန့်ဖုတ်ဖို့အတွက်ပါ။ မင်္ဂလာဆောင်ဖို့ကိတ်မုန့်မရှိရင် ငါ့ညီမဘာပြောမှာလဲမသိဘူး” ဆိုပြီးပြောပါတယ်။

• • •

“What have you done?” cried Vusi. “That egg was for a cake. The cake was for my sister’s wedding. What will my sister say if there is no wedding cake?”

ကောင်လေးတွေဟာ ဗူစီ့ကိုစခဲ့တဲ့အတွက်စိတ်မကောင်းဖြစ်သွားပါတယ်။ ကောင်လေးတစ်ယောက်က “ငါတို့ နင့်ရဲ့ကိတ်မုန့်အတွက် ဘာလမှမလုပ်ပေးနိုင်ပေမယ့် ရော့ဒီမှာ မင်းညီမလေးအတွက် လမ်းလျှောက်တဲ့တုတ်ချောင်း” ဆိုပြီးပြောပါတယ်။ ဗူစီဟာ ဆက်ပြီးခရီးနှင်ခဲ့ပါတယ်။

• • •

The boys were sorry for teasing Vusi. “We can’t help with the cake, but here is a walking stick for your sister,” said one. Vusi continued on his journey.

လမ်းတစ်လျှောက်မှာ လူကြီးနှစ်ယောက်အိမ်ဆောက်နေတာကိုတွေ့လိုက်ပါတယ်။ လူကြီးတစ်ယောက်က “အဲ့ဒီ မာတဲ့တုတ်ချောင်းကို သုံးလို့ရမလား” ဆိုပြီးမေးလိုက်ပါတယ်။ ဒါပေမယ့် တုတ်ဟာ အဆောက်အဦးအတွက် ထင်သလောက်မမာတဲ့အခါ ကျိုးသွားပါတယ်။

• • •

Along the way he met two men building a house. “Can we use that strong stick?” asked one. But the stick was not strong enough for building, and it broke.

ဗူစီက “ခင်ဗျားတို့ ဘာလုပ်လိုက်တာလဲ၊ အသီးခူးတဲ့သူတွေဟော ညီမလေးရဲ့ ကိတ်မုန့်အတွက် ယူလာတဲ့ဥကိုခွဲလိုက်လို့ ဒီတုတ်ချောင်းကို အစားပြန်ပေးတာ။ ကိတ်မုန့်ကလည်း ကျွန်တော့် ညီမလေးရဲ့ မင်္ဂလာဆောင်အတွက်ဖြစ်တယ်။ အခုတော့ ဥကော လက်ဆောင်ကောမရှိတော့ဘူး၊ ကျွန်တော့်ညီမလေး ဘာပြောမှာလဲ။” ဆိုပြီးငိုပြီးပြောပါတယ်။

• • •

“What have you done?” cried Vusi. “That stick was a gift for my sister. The fruit pickers gave me the stick because they broke the egg for the cake. The cake was for my sister’s wedding. Now there is no egg, no cake, and no gift. What will my sister say?”

အိမ်ဆောက်သူတွေဟာ တုတ်ချောင်းကိုချိုးမိသွားတဲ့အတွက် စိတ်မကောင်းဖြစ်သွားကြပါတယ်။ လူကြီးတစ်ယောက်က “ငါတို့ ကိတ်မုန့်အတွက် ဘာမှမလုပ်ပေးနိုင်ပါဘူး။ ဒါပေမယ့် ရော့ဒီမှာ သားညီမလေးအတွက် မြက်တစ်ထုပ်” ဆိုပြီးပြောလိုက်ပါတယ်။ ပြီးတော့ ဗူစီက ခရီးဆက်ခဲ့ပါတယ်။

• • •

The builders were sorry for breaking the stick. “We can’t help with the cake, but here is some thatch for your sister,” said one. And so Vusi continued on his journey.

လမ်းမှာ ဗူစီဟာ လယ်သမားတစ်ဦးနဲ့ နွားတစ်ကောင်ကိုတွေ့ပါတယ်။ နွားက “မြက်ထုပ်က စားလို့ကောင်းမယ့်ပုံဘဲ။ တစ်ဆိတ်လောက်စားကြည့်လို့ရမလား” လို့မေးပါတယ်။ ဒါပေမယ့် မြက်ထုပ်က အရမ်းအရသာရှိတဲ့အတွက် နွားဟာ အကုန်စားလိုက်ပါတယ်။

• • •

Along the way, Vusi met a farmer and a cow. “What delicious thatch, can I have a nibble?” asked the cow. But the thatch was so tasty that the cow ate it all!

ဗူစီက “ခင်ဗျားတို့ဘာလုပ်လိုက်တာလဲ၊ ဒီမြက်ထုပ်က ကျွန်တော့်ညီမလေးအတွက်လက်ဆောင်ပါ။ အိမ်ဆောက်တဲ့သူတွေဟာ အသီးခူးတဲ့သူတွေဆီကရလာတဲ့ တုတ်ကိုချိုးမိလို့ မြက်ထုပ်ကိုပေးလိုက်တာပါ။ အသီးခူးတဲ့သူတွေကော ကျွန်တော့်ညီမအတွက် ယူလာတဲ့ ဥကိုခွဲလိုက်တဲ့အတွက် တုတ်ကိုပေးလိုက်တာပါ။ ဥက ကျွန်တော့ညီမလေး မင်္ဂလာဆောင်အတွက် ကိတ်မုန့်ဖုတ်ဖို့အတွက်ပါ။ အခုကျွန်တော့်ဆီမှာ ဥလည်းမရှိတော့ဘူး၊ ကိတ်မုန့်လည်းမရှိတော့ဘူး၊ လက်ဆောင်လည်းမရှိတော့ဘူး၊ ကျွန်တော့်ညီမ ဘာပြောလိမ့်မလဲ” ဆိုပြီးငိုပြီးပြောပါတယ်။

• • •

“What have you done?” cried Vusi. “That thatch was a gift for my sister. The builders gave me the thatch because they broke the stick from the fruit pickers. The fruit pickers gave me the stick because they broke the egg for my sister’s cake. The cake was for my sister’s wedding. Now there is no egg, no cake, and no gift. What will my sister say?”

နွားဟာ သူအရမ်းလောဘကြီးမိသွားတဲ့အတွက် စိတ်မကောင်းဖြစ်မိသွားပါတယ်။ လယ်သမားကလည်း နွားကိုဗူစီ့ညီမလေးရဲ့ မင်္ဂလာဆောင်အတွက် လက်ဆောင်အနေနဲ့ ထည့်ပေးလိုက်ဖို့သဘောတူလိုက်ပါတယ်။ အဲဒီလိုနဲ့ ဗူစီဟာ ရှေ့ဆက်ပါတယ်။

• • •

The cow was sorry she was greedy. The farmer agreed that the cow could go with Vusi as a gift for his sister. And so Vusi carried on.

ဒါပေမယ့် ညစာစားချိန်မှာတော့ နွားဟာ လယ်သမားဆီ ပြန်ပြေးသွားပါတယ်။ အဲ့ဒီတော့ ဗူစီဟာ ခရီးလမ်းပျောက်သွားပါတယ်။ သူဟာ သူ့ညီမရဲ့ မင်္ဂလာဆောင်ပွဲကိုနောက်ကျမှရောက်သွားပါတယ်။ ဧည့်သည်တွေတောင် စားသောက်နေကြပြီ။

• • •

But the cow ran back to the farmer at supper time. And Vusi got lost on his journey. He arrived very late for his sister’s wedding. The guests were already eating.

ဗူစီက “ငါဘာလုပ်သင့်သလဲ။ အိမ်ဆောက်တဲ့သူဆီက အလဲအလှယ်လုပ်ခဲ့တဲ့ မကြက်ထုပ်အစား လက်ဆောင်အနေနဲ့ယူခဲ့တဲ့နွားလည်း ပြေးသွားပါပြီ။ အိမ်ဆောက်တဲ့သူတွေကလည်း အဲ့ဒီမကြက်ထုပ်ကို အသီးခူးတဲ့သူဆီက ယူလာတဲ့ တုတ်ချောင်းကို ချိုးမိလို့ ပေးလိုက်တာပါ။ အသီးခူးတဲ့သူတွေက ကိတ်မုန့်အတွက်ယူလာတဲ့ဥကို ခွဲမိလို့ တုတ်ကိုပေးတာပါ။ ကိတ်မုန့်က မင်္ဂလာဆောင်ပွဲအတွက်ပါ။ အခုတော့ ဥကော၊ ကိတ်မုန့်ကော၊ လက်ဆောင်ကောမရှိတော့ဘူး” ဆိုပြီး ငိုပါတယ်။

• • •

“What shall I do?” cried Vusi. “The cow that ran away was a gift, in return for the thatch the builders gave me. The builders gave me the thatch because they broke the stick from the fruit pickers. The fruit pickers gave me the stick because they broke the egg for the cake. The cake was for the wedding. Now there is no egg, no cake, and no gift.”

ဗူစီရဲ့ညီမလေးက ခနလောက်စဉ်းစားပြီး“ငါ့အစ်ကိုဗူစီ၊ ညီမကတကယ်တမ်းတော့ လက်ဆောင်တွေအကြောင်းကို ဂရုမစိုက်ပါဘူး။ ကိတ်မုန့်အတွက်တောင်ဂရုမစိုက်ပါဘူး။ ညီမတို့တူတူရှိနေရင်ပျော်ရွှင်ရပါတယ်။ အခုပွဲအတွက်ဝတ်စုံဝတ်ပြီးဒီနေ့လေးကိုဆင်နွှဲလိုက်ရအောင်” လိုပြောလိုက်ပြီးဗူစီလည်း ဆင်နွှဲလိုက်ပါတယ်။

• • •

Vusi’s sister thought for a while, then she said, “Vusi my brother, I don’t really care about gifts. I don’t even care about the cake! We are all here together, I am happy. Now put on your smart clothes and let’s celebrate this day!” And so that’s what Vusi did.

# Global Storybooks

globalstorybooks.net

## ဗူစီရဲ့ ညီမလေးပြောလိုက်တဲ့စကား

## What Vusi’s sister said


Nina Orange
Wiehan de Jager
Naw Thazin Hpway (my)


CC BY